## နိုင်ငံတော်သမ္မတ၏ အခြေပြမိန့်ခွန်းအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန မှ ထည့်သွင်းစေလိုသည့် အချက်အလက်များနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ

နေပြည်တော်တွင် တိုင်းရင်းဆေးပညာဦးစီးဌာနကို စီမံရေးရာဌာန၊ ကုသရေးဌာန၊ ဆေးဝါးနှင့်ပရဆေးဥယျာဉ်ဌာနနှင့် သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနတို့ဖြင့် ဖွဲ့စည်းထားရှိပြီး တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မြို့နယ်တိုင်းရင်းဆေးကုဌာန (၂၁၀) ခန်းနှင့် ခုတင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံ (၃) ရုံ ၊ ခုတင် (၅၀) ဆံ့တိုင်းရင်းဆေးရုံ (၉) ရုံ၊ (၂၅) ခုတင်ဆံ့တိုင်းရင်းဆေးရုံ (၉) ရုံ၊ (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ (၁၅)ရုံတို့မှ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် အတွင်းလူနာ (၁၆၈၁၉) ဦး၊ ပြင်ပလူနာ (၆၂၆၈၁၃)ဦး၊ (၂၀၁၈) ဘဏ္ဍာနှစ်တွင် အတွင်းလူနာ (၆၂၇၁) ဦး၊ ပြင်ပလူနာ (၃၁၂၂၄၅) တို့ကို တိုင်းရင်းဆေးဖြင့် ကုသမှုပေးနိုင်ခဲ့ပါသည်။

### ၁။ တိုင်းရင်းဆေးရုံအသစ်များဖွင့်လှစ်ပေးခဲ့ခြင်း

တိုင်းရင်းဆေးပညာဦးစီးဌာနမှ ရေနံချောင်းမြို့၊ ပေါက်မြို့၊ ကျောက်ဆည်မြို့၊ ရမည်းသင်းမြို့၊ ပခုက္ကူမြို့၊ မိုးကုတ်မြို့၊ မန်စီမြို့၊ ထားဝယ်မြို့၊ ပဲခူးမြို့၊ ကျိုင်းတုံမြို့နှင့် မော်လမြိုင်ကျွန်းမြို့ ညောင်ဦးမြို့၊ ရေတာရှည်မြို့၊ ပျော်ဘွယ်မြို့၊ ဖြူးမြို့များတွင် တိုင်းရင်းဆေးရုံအသစ်များ စုစုပေါင်း (၁၅) ရုံ ဖွင့်လှစ်ပေးခဲ့ခြင်း။

### ၂။ ကွင်းဆင်းကုသပေးခြင်းနှင့်ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူးရုံးများ၊ ခရိုင်ဦးစီးဌာနမှူးရုံးများ၊ ဆေးရုံများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများဖွင့်လှစ်ထားရှိပြီး ကျေးရွာများအထိကွင်းဆင်း၍ ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် အခမဲ့စောင့်ရှောက်ပေးလျှက်ရှိရာ(၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် ကွင်းဆင်း (၅၆၃၃) ကြိမ် စုစုပေါင်းလူနာ (၂၉၀,၅၆၄) ဦး၊ (၂၀၁၈) ခုနှစ်ဧပြီလမှ ဇူလိုင်လအထိ ကွင်းဆင်း (၂၂၈၁) ကြိမ် ဆေးကုသခြင်းဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းလူနာ (၉၀၆၃၈) ဦးအား ကုသပေးနိုင်ခဲ့ပါသည်။ တိုင်းရင်းဆေးနှင့်ပတ်သက်၍ပညာပေးခြင်းကို (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် (၁၆၆၇) ကြိမ် ပြည်သူ (၅၁၄၇၁) ဦး၊ (၂၀၁၈) ခုနှစ်ဧပြီလမှ ဇူလိုင်လအထိ (၇၆၁) ကြိမ် ပြည်သူ (၄၇၇၄၀) ဦးအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံတော်အခမ်းအနားပွဲများနှင့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ ပါသည်။

**၃။ ဆေးရုံ၊ဆေးခန်းများ၏ လချုပ်များစာရင်းတိကျမှန်ကန်၍ တပြေးညီပြင်ခြင်း**

တိုင်းရင်းဆေးရုံများနှင့် ဆေးကုဌာနများတွင် ရောဂါအမည်တပ်ခြင်းများကို ICD 10 (modified) စနစ်အရဆောင်ရွက်နိုင်ရန် ကျွမ်းကျင်သူပညာရှင်များစုစည်းပြီး သတ်မှတ်နိုင်ခဲ့ပါသည်။ စုစုပေါင်းရောဂါ(၁၅၁)မျိုးသတ်မှတ်ခဲ့ပြီး ဆေးရုံဆေးခန်းများ၏လချုပ်များနှင့် ကွင်းဆင်းကုသခြင်းများတွင် ရောဂါအမည်တပ်ခြင်းများကို တူညီစွာစနစ်တကျဆောင်ရွက်နိုင်ခဲ့ပါသည်။

**၄။ သင်တန်းများဖွင့်လှစ်ခြင်း**

တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံတိုင်းရင်းဆေးပညာပေးရက်တိုသင်တန်းကို (၂၉-၃-၂၀၁၈)ရက်နေ့မှ (၃၀-၃-၂၀၁၈)ရက်နေ့အထိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ နေပြည်တော်တွင် သင်တန်းသားဦးရေ (၃၀)အား သင်ကြားပို့ချခဲ့ပါသည်။

**၅။ ဆေးရုံများတွင် လိုအပ်သောဆေးရုံသုံးပစ္စည်းများဖြည့်ဆည်းပေးခြင်း**

ဆေးရုံများတွင်လိုအပ်သော ဆေးရုံသုံးပရိဘောဂများ၊ ကြပ်ထုပ်ထိုးရန်၊ ပေါင်းချွေးငွေ့ပေးရန်၊ ပိုးသတ်ရန်အတွက် လိုအပ်သောပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ခွဲဝေချထားပေးသောယာဉ်များထဲမှ Ambulance (လူနာတင်ယာဉ်) (၃)စီးတို့အား တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ခွဲဝေချထားခဲ့ရာ တိုင်းရင်းဆေးပညာဦးစီး ဌာနမှ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး(၃)ရုံသို့ (၃၀.၁၁.၂၀၁၇) ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး (မန္တလေး) နှင့် ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး (ရန်ကုန်) တို့အား ဥပဓိရုပ်ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။

**အခြားဆောင်ရွက်နေသည့်လုပ်ငန်းများ**

- တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများ ဆက်လက်တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်း။
- ကုထုံးကုနည်းနှင့်ပတ်သက်၍ Standard Operating Procedure (S.O.P) ထွက်ပေါ်လာစေရန် ဆောင်ရွက်လျက်ရှိခြင်း။

**၆။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ကိစ္စများ ဆောင်ရွက်ခြင်း**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်ကိစ္စရပ်များအား အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်)ခွင့်ပြု | ၈၅၅ |
| (ခ) | တိုင်းရင်းဆေးဝါးမှတ်ပုံတင်(သက်တမ်းတိုး)ခွင့်ပြု | ၁၉၃၈ |
| (ဂ) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(အသစ်)ခွင့်ပြု | ၃၁၄ |
| (ဃ) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(သက်တမ်းတိုး)ခွင့်ပြု | ၆၀၅ |
| (င) | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(ဖြည့်စွက်)ခွင့်ပြု | ၂၅၅ |

(စ) ပရဆေးကုန်ကြမ်းထောက်ခံချက် ထုတ်ပေးခြင်း ၃၈၄

(ဆ) Certificate of Free Sale ခွင့်ပြု ၄

(ဇ) ဈေးကွက်စစ်တမ်းကောက်ခြင်း (Post Market Survey) ၂၉

**လူမှုဆက်ဆံရေးအရာရှိတာဝန်ပေးခန့်အပ်ထားရှိခြင်း**

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဝါး/ဥယျာဉ်ဌာန(ခွဲ)၊ ဆေးဝါးမှတ်ပုံတင်ဌာန(စိတ်)တွင် မှတ်ပုံတင်နှင့်လိုင်စင်ကိစ္စရပ်များအဆင်ပြေချောမွေ့စေရေးအတွက် လူမှုဆက်ဆံရေးအရာရှိတစ်ဦးအားအောက်ဖော်ပြပါအတိုင်းတာဝန်ပေးအပ်ထားရှိပြီးလိုအပ်သည်မများကိုကူညီဆောင်ရွက် ပေးလျက်ရှိပါသည်-

(က) လုပ်ငန်းလာရောက်ဆောင်ရွက်သူများ၏ ဆောင်ရွက်မည့်လုပ်ငန်းအလိုက် ရှင်းလင်းပြောကြားရန်၊

(ခ) ဆောင်ရွက်မည့်လုပ်နှင့်သက်ဆိုင်သောနေရာသို့ ညွှန်ပြပေးရန်၊

(ဂ) လုပ်ငန်းဆောင်ရွက်စဉ် အခက်အခဲများပေါ်ပေါက်ပါ ကူညီဆောင်ရွက်ပေးရန်၊

(ဃ) လာရောက်ဆောင်ရွက်သည့် လုပ်ငန်းကိုဆောင်ရွက် ပြီးစီးခြင်းရှိ/ မရှိစိစစ်ရန်၊

(င) အကြံပြုရန်ရှိပါကမှတ်တမ်းစာအုပ်တွင် အကြံပြုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန်၊

(စ) လိုအပ်ပါကသက်ဆိုင်ရာအထက်အဆင့်သို့တင်ပြဆောင်ရွက်ရန်၊

**မှတ်ပုံတင်နှင့်လိုင်စင်ခွင့်ပြုကတ်ပြားများလွယ်ကူစွာထုတ်ယူနိုင်ရေးဆောင်ရွက်မှု**

မှတ်ပုံတင်နှင့် လိုင်စင်ခွင့်ပြုကတ်ပြားများကိုလွယ်ကူစွာထုတ်ယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၏ ခွင့်ပြုကတ်ပြားများကို ၎င်းတို့၏ဆန္ဒနှင့်အညီတိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)၌ ထုတ်ယူနိုင်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံးများ တွင်လည်း ထုတ်ယူနိုင်ရေးကိုစီစဉ်ထားရှိပြီးဖြစ်ပါသည်။

**အကြံပြုချက်များအပေါ် ဆောင်ရွက်မှု**

ထို့အပြင် ဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်ကိစ္စရပ်များတွင် လိုအပ်သည်များအကြံပြုနိုင်ရေးအတွက် အကြံပြုမှတ်တမ်းစာအုပ်ထားရှိသကဲ့သို့ အကြံပြုစာထည့်ရန် ပုံးများချိတ်ဆွဲထားရှိ၍ အကြံပြုချက်များအားအလေးအနက်ထားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**မှတ်ပုံတင်နှင့်လိုင်စင် ခွင့်ပြုကတ်ပြားများလွယ်ကူစွာထုတ်ယူနိုင်ရေးဆောင်ရွက်မှု**

မှတ်ပုံတင်နှင့် လိုင်စင်ခွင့်ပြုကတ်ပြားများကိုလွယ်ကူစွာထုတ်ယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၏ ခွင့်ပြုကတ်ပြားများကို ၎င်းတို့၏ဆန္ဒနှင့်အညီတိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)၌ ထုတ်ယူနိုင်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံးများတွင်လည်း ထုတ်ယူနိုင်ရေးကိုစီစဉ်ထားရှိပြီးဖြစ်ပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့်တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ကတ်များ လွှဲပြောင်းပေးအပ်သည့်စာရင်း**

| စဉ် | အကြောင်းအရာ | ရန်ကုန် | | မန္တလေး | |
|---|---|---|---|---|---|
| | | ရက်စွဲ | အရေအတွက် | ရက်စွဲ | အရေအတွက် |
| ၁ | မှတ်ပုံတင်(အသစ်) | ၁၃-၆-၂၀၁၈ | ၅၇ | | |
| | | | | ၆-၇-၂၀၁၈ | ၃၉ |
| ၂ | မှတ်ပုံတင်(သက်တမ်းတိုး) | ၂၅-၅-၂၀၁၈ | ၂၂ | ၅-၆-၂၀၁၈ | ၇၂ |
| | | ၁၃-၆-၂၀၁၈ | ၁၁၀ | ၆-၇-၂၀၁၈ | ၂၈ |
| | | ၂-၇-၂၀၁၈ | ၉၉ | | |
| ၃ | ထုတ်လုပ်ခွင့်လိုင်စင်(အသစ်) | ၁၃-၆-၂၀၁၈ | ၄၁ | ၆-၇-၂၀၁၈ | ၂၃ |
| ၄ | ထုတ်လုပ်ခွင့်လိုင်စင်(သက်တမ်းတိုး) | ၁၃-၆-၂၀၁၈ | ၆၂ | ၅-၆-၂၀၁၈ | ၂၂ |
| | | ၂-၇-၂၀၁၈ | ၁၆ | ၆-၇-၂၀၁၈ | ၄ |

**မှတ်ပုံတင်နှင့်လိုင်စင် ခွင့်ပြုကတ်ပြားများလွယ်ကူစွာထုတ်ယူနိုင်ရေးဆက်လက်ဆောင်ရွက်မည့်အစီအစဉ်**

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တွေ့ကြုံရသည့်အခက်အခဲများ၊ အားနည်းချက်များနှင့် အားသာချက်များကိုသုံးသပ်စိစစ်နမူနာယူ၍ ကျန်ရှိသောတိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း သက်ဆိုင်ရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၏ ဆန္ဒနှင့်အညီ လွယ်ကူစွာ ထုတ်ယူနိုင်ရေးကိုဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**အခြားဆောင်ရွက်ချက်များ**

ရန်ကုန်နှင့် မန္တလေးတို့ရှိတိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံဝန်ထမ်းများသည် ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ အင်းစိန်၌ လုပ်ငန်းများစနစ်တကျဆောင်ရွက်နေမှုအားအောက်ဖော်ပြပါရည်ရွယ်ချက်များနှင့်အညီ(၆-၈-၂၀၁၈)ရက်နေ့မှ (၁၀-၈-၂၀၁၈)ရက်နေ့အထိလေ့လာရေးသွားရောက်မည် ဖြစ်ပါသည်-

(က) ဆေးဝါးကုန်ကြမ်းများစနစ်တကျထိန်းသိမ်းဆောင်ရွက်နိုင်စေရန် (Warehousing)

(ခ) ဆေးဝါးကုန်ချောဆောင်ရွက်ပုံအဆင့်ဆင့် (Production)

(ဂ) အဆောက်အဦနှင့် စက်ပစ္စည်းများထိန်းသိမ်းမှုနည်းစနစ်များ (Premises and Equipment)

(ဃ) ကုန်ကြမ်းနှင့်ကုန်ချောများအားအရည်အသွေးထိန်းသိမ်းမှုနည်းစနစ်များ (Quality control)

(င) စွန့်ပစ်သည့်ပစ္စည်းများနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များ (Waste Management System)

(စ) မှတ်တမ်းမှတ်ရာပုံစံများစနစ်တကျချမှတ်နိုင်ရန်နှင့် ရေးသွင်းနိုင်ရန် (Documentation)

(ဆ) အရည်အသွေးအားတသမတ်တည်းဖြစ်စေရန် စီမံခန့်ခွဲရေးနည်းစနစ် (Quality Management System)

**၇။ ဌာနသုံးတိုင်းရင်းဆေးဝါးများထပ်မံ ထုတ်လုပ်ခြင်း**

ဦးစီးဌာနပိုင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံများမှ ယခင်က ဌာနသုံးတိုင်းရင်းဆေးဝါး(၂၀)မျိုးသာ ထုတ်လုပ်ခဲ့ရာမှ သောက်ဆေး(၃)မျိုး၊ စည်းဆေး(၂)မျိုး၊ လိမ်းဆေး (၁)မျိုး ထပ်မံ ထုတ်လုပ်လျက်ရှိပါသည်။

**၈။ ပရဆေးဥယျာဉ်များတွင် ပရဆေးပင်များ ပိုမိုစိုက်ပျိုးခြင်း**

ဖောင်းတောနှင့်ရေဆင်းပရဆင်းဥယျာဉ်များတွင် ပရဆေးကုန်ကြမ်းများ ပိုမိုပေးသွင်းနိုင်ရေးအတွက် ကြောင်လျှာပင်၊ သက်ရင်းကြီးပင်၊ ကန့်ချုပ်နီပင်၊ ယာကဲနှင့် ချင်း(ဂျင်း)ပင်၊ ဓာတိပ္ပိုလ်ပင်၊ နံ့သာဖြူပင်များ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါသည်။

**၉။ တိုင်းရင်းဆေးဝါးများ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း**

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း | |
| | (က) မှတ်ပုံတင်ဆေးဝါး ဓါတ်ခွဲစစ်ဆေးခြင်း။ | ၄၁၆ ဖုံ |
| | (ခ) ပုဂ္ဂလိကတိုင်းရင်းဆေးဝါးများအားအရည်အသွေး စစ်ဆေး၍ Certificate ထုတ်ပေး ခြင်း။ | - |
| | (ဂ) ကုန်သွယ်ရေးမှပေးပို့လာသောပရဆေးကုန်ကြမ်း များ၏ စစ်မှန်မှုအား စစ်ဆေးပေးခြင်း။ | ၁၂၄ ခု |
| | (ဃ) ဈေးကွက်ဆေးဝါးအား စစ်ဆေးခြင်း။ | ၂၀၇ ဖုံ |
| | (င) မှတ်ပုံတင်ဆေးဝါးများ၏တည်မြဲမှုနှင့်သက်တမ်း (Stabality and Shelf-Life) အားစစ်ဆေးခြင်း။ | ၁၃၇၉ ဖုံ |
| | (စ) Ad-hoc ဓာတ်ခွဲ စစ်ဆေးခြင်း။ | ၉ ဖုံ |

တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် လိုင်စင်စိစစ်ရေးအဖွဲ့ အစည်းအဝေးများ၏ ဆုံးဖြတ်ချက် အရ ပြန်လည်စိစစ်ခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းများ ပြုလုပ်ရသော တိုင်းရင်းဆေးဝါးများ

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | ဆေးဖုံတွင် ပါဝင်သော ဆေးပင် နှင့် ဆေးပစ္စည်းများ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးပေးခြင်း။ | ၃၉ ပင် |
| ၂။ | အနောက်တိုင်းဆေး ရောနှော ပါဝင်မှု ရှိ/မရှိ စစ်ဆေးပေးခြင်း။ | ၄ ဖုံ |
| ၃။ | မှိုနှင့် ဘက်တီးရီးယားပိုးမွှားများ ပေါက်ပွားမှု ရှိ/မရှိ | ၂ ဖုံ |

ပြန်လည်စစ်ဆေးပေးခြင်း။

၄။ Heavy Metal ပါဝင်မှု ပမာဏ စစ်ဆေးပေးခြင်း။ ၄ ဖုံ

၅။ တိုင်းရင်းဆေးဝါးများ၏ သက်တမ်း(Shelf - Life) ပြန်လည်စစ်ဆေးပေးခြင်း။ ၉၃ ဖုံ

၆။ ဆေးဖုံတွင် ပါဝင်သော ဆေးပစ္စည်းများ၏ သိပ္ပံအမည် (ရုက္ခဗေဒအမည်) စာလုံးပေါင်းများ စိစစ်ပေးခြင်း။ ၂၃ ဖုံ

၇။ ဆေးအညွှန်း(Indication) များကိုအင်္ဂလိပ် ဘာသာဖြင့် ဖော်ပြထားခြင်းအား စိစစ်ပေးခြင်း။ ၃၈ ဖုံ

**အကောင်အထည်ဖော်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်း**

- သုတေသနလုပ်ငန်း(၂၆)ခု ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း

## ၁၀။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနခွဲ၏ ဖွံ့ဖြိုးရေးဌာနစိတ်သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

**အသံလွှင့်ခြင်းလုပ်ငန်းများ/ ရုပ်သံလွှင့်ခြင်းလုပ်ငန်း**

- မြန်မာ့အသံမှ သုတေအဖြာဖြာတိုင်းရင်းဆေးပညာအစီအစဉ်တွင် စာမူ (၅၅) ပုဒ် အသံလွှင့်ခြင်း
- မြန်မာ့အသံမှထုတ်လွှင့်မည့် ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ အစီအစဉ်တွင်(၁၀)ပုဒ် ရုပ်သံလွှင့်ခြင်း

**စာအုပ်စာနယ်ဇင်းများတွင် ပညာပေးရေးသားခြင်း**

- ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့မဂ္ဂဇင်းတွင် (ပြည်သူအားလုံးကျန်းမာဖို့ စဉ်ဆက်မပြတ်ကြိုးစားစို့) ဆောင်းပါး(၃)ပုဒ် ရေးသားခဲ့ပါသည်။

**စာအုပ်/ စာပေထုတ်ဝေရေးလုပ်ငန်းများ**

- (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အစီအစဉ် စာအုပ်ထုတ်ဝေခြင်း
- (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ မှတ်တမ်း စာအုပ်ထုတ်ဝေခြင်း
- တိုင်းရင်းဆေးပညာမဂ္ဂဇင်း အမှတ်(၃၀) ထုတ်ဝေခြင်း
- အဌမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ အစီအစဉ်စာအုပ် ထုတ်ဝေခြင်း
- အခြေခံတိုင်းရင်းဆေးပညာပေးရက်တိုသင်တန်းလက်စွဲစာအုပ်ထုတ်ဝေခြင်း
- Myanmar Herbal Pharmacopoeia Vol(II) ကို ထုတ်ဝေခဲ့ခြင်း

**လက်ကမ်းစာစောင်**

- ဥတုဘောဇနသင်္ဂဟကျန်းလာ ကျန်းမာစေကြောင်းနည်းလမ်းကောင်း
- သန့်သုံးသွယ်ကျန်းမာစေကြောင်းနည်းလမ်းကောင်း
- မြန်မာ့တိုင်းရင်းဆေးပညာနှင့်တုပ်ကွေးရောဂါ

**တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေး အစီအစဉ် (CTME) များကျင်းပခြင်း**

- ဆေးရုံများနှင့် ပြင်ပတိုင်းရင်းဆေးဆရာများပူးပေါင်း၍ ရောဂါ(၁၈)မျိုးကို တစ်လလျှင် တစ်ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။

**တိုင်းရင်းဆေးဝါးကြော်ငြာများ စိစစ်ခြင်း**

- စာနယ်ဇင်းတိုင်းရင်းဆေးဝါးကြော်ငြာ (၈၅)ခုစိစစ်ပေးခြင်း
- တီဗီ/ဗီဒီယို တိုင်းရင်းဆေးဝါး ကြော်ငြာ (၁၂)ခု စိစစ်ပေးခြင်း

**ညီလာခံနှင့် စာတမ်းများ ကျင်းပခြင်း**

- (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှော ဖလှယ်ပွဲကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းဗဟို ဌာန (၂) တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ(၁၁)ရက်နေ့မှ (၁၃)ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။
- အဋ္ဌမအကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို တိုင်းရင်းဆေး တက္ကသိုလ် မန္တလေးတွင် ၂၀၁၈ ခုနှစ် မတ်လ (၂၃) ရက်နေ့မှ(၂၄)ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

၁၁။ **ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှု**

ဝန်ထမ်းအိမ်ရာ(၂၄)လုံး၊ အိမ်ခန်း(၂၁၉)ခန်း ဆောက်လုပ်ပြီးစီးနိုင်ခဲ့သည်။

၁၂။ **တိုင်းရင်းဆေးတက္ကသိုလ်၏ ဆောင်ရွက်ချက်များ**

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် BMTM ဘွဲ့ရ(၁၅၀၅)ဦး၊ MMTM ဘွဲ့ရ (၅၁)ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

၁၃။ - **တိုင်းရင်းဆေးကောင်စီဥပဒေ** အား ပြင်ဆင်သည့် ဥပဒေကို အမျိုးသားလွှတ်တော်၌ အတည်ပြုပြီးဖြစ်သည်။

- **တိုင်းရင်းဆေးဝါးဥပဒေ** ကို ပြင်ဆင်ဆဲဖြစ်ပါသည်။
- တစ်နိုင်ငံလုံး **တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်**ရရှိသူ(၇၂၆၂)ဦးရှိပါသည်။